K.N.D.F

# Karenni Nationalities Defence Force

# ကရင်နီအမျိုးသားများကာကွယ်ရေးတပ်

## တိုက်ပွဲသတင်းထုတ်ပြန်ချက်

၂၀၂၁ခုနှစ်၊နိုဝင်ဘာလ (၁၈) ရက်။

ယနေ့မွန်းတည့် (၁၂း၁၀)နာရီခန့် ဒီးမော့ဆိုမြို့နယ် (၅)မိုင်နှင့် (၆) မိုင်ကျေးရွာ တလျှောက် အကြမ်းဖက်စစ်ကောင်စီတပ်များနှင့် ကရင်နီတပ်မတော် (KA)၊ KNDF တို့နှင့် တိုက်ပွဲဖြစ်ပွားခဲ့ပါသည်။ အကြမ်းဖက်စစ်ကောင်စီတပ်များ၏ လွိုင်ကော်မြို့မှ၊ ဒီးမော့ဆိုမြို့၊ဖရူဆို၊ဘောလခဲမြို့နယ်ဘက်သို့ စစ်အင်အားဖြည့်တင်းမည်ဟုယူဆရသော စစ်ကား (၂၀) စီးပါဝင်သော ယဉ်တန်းကို ကရင်နီတပ်မတော် (KA)နှင့် KNDF တို့မှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ထိုတိုက်ပွဲအတွင်းအကြမ်းဖက်စစ်ကောင်စီတပ်ဘက်မှ ထိခိုက်မှုရှိခဲ့ပြီး တစ်ဦးသေဆုံးခဲ့ပါသည်။ တိုက်ပွဲဖြစ်နေစဉ်အတွင်း အကြမ်းဖက်စစ်ကောင်စီတပ်မှ (၆) မိုင် ကျေးရွာအတွင်းရှိ နေအိမ်များကို မီးရှို့ခဲ့သည့်အပြင် လမ်းသွားလမ်းလာ ပြည်သူနှစ်ဦးကို အကြောင်းမဲ့ပစ်သတ်ခဲ့ပါသည်။ ထို့အပြင် စစ်ကောင်စီအမြောက်တပ်မှ တိုက်ပွဲဖြစ်ပွားရာကျေးရွာများအတွင်းသို့ လက်နက်ကြီးများဖြင့် ရမ်းသမ်း ပစ်ခတ် ခဲ့ပါသည်။

အကြမ်းဖက်စစ်ကောင်စီတပ်များသည် ဒီးမော့ဆိုမြို့နယ်တွင် တပ်အင်အားများ ဖြည့်တင်း လျက်ရှိပြီး၊ ဖရူဆို၊ဘောလခဲမြို့နယ်ဘက်သို့ တပ်အင်အား ဖြည့်တင်းရန်ကြိုးစားလျက်ရှိပါသည်။ ထို့အပြင် ကယန်းလူမျိုးများနေထိုင်ရာ ဖယ်ခုံမြို့နယ်၊ အနောက်ကယန်းဒေသဘက်သို့ အင်အား (၃၀၀) ကျော်ဖြင့် အကြမ်းဖက်စစ်ကောင်စီတပ်များ စစ်ကြောင်းထိုးလျက်ရှိပါသည်။

KNDF သတင်းနှင့်ပြန်ကြားရေးဌာန

ဆက်သွယ်ရန်။ ၀၉ ၄၂၅ ၅၁၇ ၅၉၄၊ ၀၉ ၇၆၅ ၇၃၃ ၁၆၈၊ ၀၉ ၈၉၉ ၁၁၉ ၂၁၀၊ ၀၉ ၇၇၄ ၈၁၀ ၆၈၄။